ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံစာရင်းကောင်စီ

အမိန့်ကြော်ငြာစာအမှတ်- ၂ / ၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

## ဒီပလိုမာစာရင်းကိုင်သင်တန်းဆိုင်ရာသတ်မှတ်ချက်များ

၁။ မြန်မာနိုင်ငံစာရင်းကောင်စီသည် ဒီပလိုမာစာရင်းကိုင်သင်တန်းဆိုင်ရာ သတ်မှတ် ချက်များကို ကောင်စီဥပဒေပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထုတ်ပြန်လိုက်သည်။

### သင်ကြားပို့ချခြင်း

၂။ ဒီပလိုမာစာရင်းကိုင်သင်တန်းကို ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ကောင်စီဥပဒေ ပုဒ်မ ၂၉ အရ ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည်။

၃။ ကောင်စီသည် ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းတွင် တက်ရောက်မည့်သင်တန်းသားများလိုက်နာရမည့်စည်းကမ်းများကိုချမှတ်ရမည်။

၄။ ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင် စာရင်းကိုင်သင်တန်းကျောင်းများသည် မိမိသင်တန်းကျောင်းတွင်တက်ရောက်မည့်သင်တန်းသား များလိုက်နာရမည့်စည်းကမ်းများကိုချမှတ်ရမည်။

၅။ ကောင်စီကဖွင့်လှစ်သည့်သင်တန်းကျောင်းများတွင် သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချမည့်ကထိကများကို စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီကရွေးချယ်ရမည်။

၆။ ကျောင်းများတွင် သက်ဆိုင်ရာဘာသာရပ်များသင်ကြားပို့ချမည့်ကထိကများသည် ကောင်စီတွင် သင်တန်းဆရာအဖြစ်မှတ်ပုံတင်ထားသူများဖြစ်ရမည်။ ထိုသူများ၏အမည်စာရင်းကို ကျောင်းတည်ထောင်သူက ကောင်စီရုံးသို့တင်ပြရမည်။

### သင်ရိုးညွှန်းတမ်း

၇။ ဒီပလိုမာစာရင်းကိုင်သင်တန်း၏ သင်ရိုးညွှန်းတမ်းများကို ပူးတွဲ(၁) ဖြင့်သတ်မှတ်လိုက်သည်။

၈။ သင်ရိုးညွှန်းတမ်းကော်မတီသည် ဒီပလိုမာစာရင်းကိုင်သင်တန်း၏ သင်ရိုးညွှန်းတမ်းများကို နှစ်စဉ်ပြန်လည်သုံးသပ်ရမည်။ ထို့အပြင် စာရင်းပညာသင်ကြားမှု ပိုမိုထိရောက်စေရေးနှင့် ဖြစ်ပေါ်

ပြောင်းလဲလာမှုများနှင့်အညီ သင်ရိုးညွှန်းတမ်းများကို မွမ်းမံပြင်ဆင်နိုင်ရေးအတွက် ကောင်စီသို့ တင်ပြရမည်။

**သင်တန်းသားအဖြစ်မှတ်ပုံတင်ခြင်း**

၉။ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိထားသူသည် သတ်မှတ်ကာလအတွင်း မှတ်ပုံတင်ကြေး ပေးသွင်း၍ ဒီပလိုမာစာရင်းကိုင်သင်တန်းသားအဖြစ် မှတ်ပုံတင်ရမည်။

၁၀။ မှတ်ပုံတင်ရာတွင် ကောင်စီကဖွင့်လှစ်သည့်သင်တန်းကျောင်းတွင် သင်တန်းတက်ရောက်မည့်သူများနှင့်ကိုယ်တိုင်လေ့လာသင်ယူမည့်သူများသည်ကောင်စီရုံးတွင်လည်းကောင်း၊ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် သင်တန်းတက်ရောက်မည့်သူများသည် သက်ဆိုင်ရာကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင်လည်း ကောင်းမှတ်ပုံတင်ရမည်။

၁၁။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းသည် မိမိကျောင်းတွင်မှတ်ပုံတင်ကြေးပေးသွင်းသူများစာရင်းကို မှတ်ပုံတင်ကြေးနှင့်အတူ ကောင်စီရုံးသို့ သတ်မှတ်ရက်အတွင်း ပေးသွင်းရမည်။

၁၂။ ဤအမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းမပြုမီက ပထမပိုင်း သို့မဟုတ် ဒုတိယပိုင်း သင်တန်းတက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်မှု ၆၀ ရာခိုင်နှုန်းမပြည့်သဖြင့် စာမေးပွဲဖြေဆိုခွင့်မရခဲ့သူများသည် သင်တန်းသားအဖြစ် မပျက်မကွက် ကောင်စီရုံးတွင် ပြန်လည်မှတ်ပုံတင်ရမည်။

၁၃။ ကောင်စီသည် မှတ်ပုံတင်သည့်သင်တန်းသားတစ်ဦးစီအတွက် ပုံသေသင်တန်းသား မှတ်ပုံတင်နံပါတ် သတ်မှတ်ပေးရမည်။

**သင်တန်းတက်ရောက်ခြင်း**

၁၄။ ကောင်စီက ဖွင့်လှစ်သည့် သင်တန်းသို့ တက်ရောက်လိုသူများသည် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း လျှောက်ထားရမည်။

၁၅။ ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းတွင် အောက်ဖော်ပြပါဦးစားပေးအစီအစဉ်အတိုင်း လက်ခံသင်ကြားပေးမည်-

(က) သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် တက်ရောက်မည့် နိုင်ငံ့ဝန်ထမ်းများ

(ခ) ကောင်စီက သင့်လျော်သည်ဟုယူဆသော အခြားပုဂ္ဂိုလ်များ

၁၆။ ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းတွင် သင်တန်းတက်ရောက်ခွင့်ရသူများသည် သတ်မှတ်ချက်များနှင့်အညီလျှောက်လွှာကြေး၊ သင်တန်းကြေးများကိုကောင်စီရုံးသို့ သတ်မှတ်ကာလအတွင်း ပေးသွင်းရမည်။

၁၇။ ကိုယ်ပိုင်သင်တန်းကျောင်းတွင် သင်တန်းတက်ရောက်မည့်သူများသည် သတ်မှတ်ချက်များနှင့် အညီလျှောက်လွှာကြေး၊ သင်တန်းကြေးများကို ဆိုင်ရာသင်တန်းကျောင်းသို့ သတ်မှတ်ကာလအတွင်း ပေးသွင်းရမည်။

**စာမေးပွဲများ**

၁၈။ စာစစ်ကော်မတီသည် ဒီပလိုမာစာရင်းကိုင် ပထမပိုင်းနှင့် ဒုတိယပိုင်း စာမေးပွဲများကို သာမန်အားဖြင့် တစ်ဆယ့်နှစ်လတွင် တစ်ကြိမ်ကျင်းပရမည်။

၁၉။ စာစစ်ကော်မတီသည် စာမေးပွဲကျင်းပမည်ဖြစ်ကြောင်းကို စာမေးပွဲကျင်းပပြုလုပ်မည့် ရက်မတိုင်မီ ၂ လ ကြိုတင်၍ ကြေညာရမည်။

၂၀။ ဒီပလိုမာစာရင်းကိုင်စာမေးပွဲကို အောက်ပါပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်-

(က) မြန်မာနိုင်ငံစာရင်းကောင်စီကဖွင့်လှစ်သည့်သင်တန်းကျောင်းတွင်တက်ရောက်သူများ-

(၁) သင်တန်းကာလ ၉ လပြည့်မြောက်ချိန်တွင် ဘာသာရပ်အားလုံး၌ စုစုပေါင်း သင်တန်း တက်ရောက်ချိန် ၆၀ ရာခိုင်နှုန်း ပြည့်သူများ။

(၂) ယခင် ဒီပလိုမာစာရင်းကိုင် စာမေးပွဲကို ဝင်ရောက်ဖြေဆို၍ ကျရှုံးသူများ

(ခ) ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင်တက်ရောက်သူများနှင့် ကိုယ်တိုင်လေ့လာ ဖြေဆိုမည့်သူများ-

(၁) ဒီပလိုမာစာရင်းကိုင် သင်တန်းသားအဖြစ်မှတ်ပုံတင်ထားသူများ။

(၂) ယခင် ဒီပလိုမာစာရင်းကိုင် စာမေးပွဲကို ဝင်ရောက် ဖြေဆို၍ ကျရှုံးသူများ

၂၁။ ဒီပလိုမာစာရင်းကိုင်စာမေးပွဲ ဖြေဆိုခွင့်ရှိသူသည် စာမေးပွဲဝင်ရောက်ဖြေဆိုလိုပါက အောက်ပါ အတိုင်းဆောင်ရွက်ရမည်-

(က) ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းတွင် တက်ရောက်နေသူ သို့မဟုတ် တက်ရောက်ခဲ့ပြီး စာမေးပွဲကျရှုံးသူဖြစ်ပါကကောင်စီရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာကြေးနှင့်စာမေးပွဲကြေးပေးသွင်း၍ လျှောက်ထားရမည်။

(ခ) ကောင်စီဥပဒေ ပုဒ်မ ၂၉ အရ ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းတွင် တက်ရောက်နေသူ သို့မဟုတ် တက်ရောက်ခဲ့ပြီး စာမေးပွဲ ကျရှုံးသူဖြစ်ပါကသက်ဆိုင်ရာကျောင်းသို့သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာကြေး နှင့်စာမေးပွဲကြေး ပေးသွင်း၍ လျှောက်ထားရမည်။

(ဂ) ကိုယ်တိုင်လေ့လာဖြေဆိုမည့်သူ ဖြစ်ပါကကောင်စီရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာကြေးနှင့်စာမေးပွဲကြေးပေးသွင်း၍ လျှောက်ထားရမည်။

၂၂။ အထက်အပိုဒ် ၂၁၊ အပိုဒ်ခွဲ (ခ) ပါ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းတွင် တက်ရောက်နေသူများအတွက် ကျောင်းတည်ထောင်သူသည် မိမိကျောင်းမှ စာမေးပွဲဖြေဆိုမည့်သူစာရင်းကို စာမေးပွဲကြေး နှင့်အတူ ကောင်စီရုံးသို့ သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့ရမည်။

၂၃။ ကောင်စီရုံးသည် စာမေးပွဲဖြေဆိုခွင့်ရသူများစာရင်းကို ဖြေဆိုရမည့် စာစစ်ဌာနများ ဖော်ပြ၍ စာမေးပွဲဖြေဆိုမည့်ရက်မတိုင်မီ အနည်းဆုံး ရက်သတ္တ ၂ ပါတ် ကြိုတင်၍ ထုတ်ပြန်ရမည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ခင်စန်းဦး၊ အတွင်းရေးမှူး)

စာအမှတ်၊ မစက/ ၁၀၈ /( ၀၁၅ /၂၀၁၇) ရက်စွဲ ၊ ၅ - ၁ -၂၀၁၇

ဖြန့်ဝေခြင်း

ကြော်ငြာသင်ပုန်း

မိတ္တူ

မြန်မာနိုင်ငံစာရင်းကောင်စီဝင်များအားလုံး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းအလုပ်အမှုဆောင်များအားလုံး

အမိန့်ကြော်ငြာစာဖိုင်

ရုံးလက်ခံ

မျှောစာတွဲ